************************************************************

## NCGUB: News on Migrants & Refugees- 25 August, 2009 (English & Burmese)

************************************************************

## HEADLINES

************************************************************

**NEWS ON MIGRANTS**

**Burmese Prisoners in Indonesia Appeal to Embassy for Release**

**NEWS ON REFUGEES**

**Irrawaddy hydropower project to displace many Kachin villagers**

************************************************************

ရွှေ့ပြောင်းအလုပ်သမားများသတင်း

**မြန်မာလုပ်သား ၃ ထောင်ကျော် ကိုရီးယားသွားခွင့် မရေရာ**

**လှေစီး၍ မလေးသို့ သွားသူ ဘင်္ဂလီ ၁၇၅ ဦး နေရပ်ရင်း ပြန်ပို့**

***********************************************************

# NEWS ON MIGRANTS

************************************************************

### Burmese Prisoners in Indonesia Appeal to Embassy for Release

**8/24/2009**

Dhaka: Five Burmese prisoners in Bali, Indonesia, have appealed to the Burmese embassy there to help them safely return home, but the embassy has yet to respond to their request, according to a report.

The five were arrested by the Indonesian coast guard in mid-2008 soon after they had jumped overboard from an Indonesian fishing boat they had been forced to work on.

According to a source close to them, they were sold to the Indonesian fishing boat operators by Thai human traffickers. They had been handed to the Thais by Burmese traffickers at Myawaddy, the town opposite Thailand's Mae Sot.

The men had failed to pay 1,300 baht to the Burmese traffickers in Myawaddy after Thai police had arrested them and forced them back across the border. When they were unable to pay the asking price of the Burmese traffickers, they were handed over to the Thai traffickers who sold them.

When they arrived at the fishing boat, the owner forced them to work non-stop and sometimes tortured them. They were not always given enough food and went hungry, according to the account.

They eventually escaped from the boat by jumping into the water. Another fishing boat eventually rescued them and transferred them to the Indonesian coast guard.

Since then, they have been detained in a prison on the Indonesian island of Bali.

Among the five men are three Arakanese who have been identified as Maung Shwe Than and Aung Tha Kyaw from Kyauktaw, and Aung Kyaw Naing from Ponna Kyunt in Arakan State.

The other two men are ethnic Burmese and have been identified as Aung That Pai from Thaninthaye Division and Maung Win Aung from Irrawaddy Division. All are around 20 to 30 years of age.

According to a source, the Burmese embassy does not typically take action on such cases, but they are still anxiously awaiting a response.

http://www.narinjara.com/details.asp?id=2320

*************************************************************

# NEWS ON REFUGEES

*************************************************************

**Irrawaddy hydropower project to displace many Kachin villagers**
**Monday, 24 August 2009 19:40**

The Burmese military junta plans to shift ethnic Kachin villages around the hydropower project area in the upper reaches of the Irrawaddy River (also called Mali Hka River in Kachin) in Burma's northern Kachin State, said local sources.

Over 60 Kachin villages, around the hydropower project site near the confluence of Mali Hka River and N'mai Hka River also called Mali-N'mai Zup in Kachin and Myitsone in Burmese, 27 miles north of Myitkyina, the capital of Kachin State, are on the list of villages to be moved by the junta, said a local watchdog group.

On August 5, officials of Myitkyina Town Administrative Office (Ma-Ya-Ka) including officials of multi-government departments in the town held a meeting with villagers of Chyinghkrang in the zone to be cleared, 17 miles north of Myitkyina. The villagers were officially told to shift by the Ma-Ya-Ka officials, said villagers.

Simultaneously, commander Maj-Gen Soe Win, of the Myitkyina-based Northern Regional command (Ma-Pa-Kha) met the same villagers next day. The villagers were told by the commander that they would have to move, added villagers.

The commander told the villagers by demonstrating with a bulldozer on the hill near the village that "You Kachins have lived on the mountain forever but you don't know about terrace cultivation. You don't need to dwell in the valley," villagers of Chyinghkrang quoted him as saying.

During the two-day meeting, some villagers attended without wearing clothes on the upper part of the body to show their displeasure regarding the plans of moving the villages, said participants.

Salang Tsa Ji, general secretary of Kachin Development Networking Group (KDNG), based on the Sino-Burma border told KNG today, the junta has sanctioned 35 miles of land around the hydropower project site to the Burma-Asia World Company which

has started inspection with the Chinese government's China Power Investment Corporation (CPI) since 2006.

The land includes about 2,000 acres of rubber plantation of Salang Wadu Sin Wa and over 300 acres of rubber plantation of Salang Yup Zau Hkawng, the owner of the Jadeland Myanmar Company, added KDNG general secretary Tsa Ji.

Local eyewitnesses said, the Asia World Company has been mining gold in Loiyang Bum Mountain, which is situated between Mali Hka River and N'Mai Hka River, near the confluence since last year.

On June 16 at Hebei Hall of the Great Hall of the People in China's capital Beijing, Burmese Ambassador to China U Thein Lwin and CPI president Mr. Lu Qizhou signed an agreement to implement hydropower projects in Mali Hka River, N'Mai Hka River and the Irrawaddy River confluence in Kachin State, according to the junta-run newspaper the New Light of Myanmar dated on June 21, 2009.

Following the agreement, the junta's No. 2 in the military hierarchy Vice Snr-Gen Maung Aye visited the Irrawaddy River confluence on July 19, said local residents.

Soon after Snr-Gen Maung Aye’s visit to the hydropower project site, each family in the villages around the project site were forcibly made to sign on a special form regarding displacement. The form was provided by the Asia World Company by the firm’s personnel accompanied with policemen and government land-survey officers, said villagers of Tang Hpre at the confluence.

A villager of Tang Hpre said they had to fill up the form and give the family members' list along with their occupations, house status, number of fruit trees in the house compounds and the size of family-owned land and plantation.

The Kachin villagers around the hydropower project site are yet to be instructed to move to new areas. They have not been offered any compensation for their loss by either Asia World Company or the junta, said villagers in the zone.

http://www.kachinnews.com/index.php/news/1054-irrawaddy-hydropower-project-to-displace-many-kachin-villagers.html

**************************************************************
# ရွှေ့ပြောင်းအလုပ်သမားများသတင်း
**************************************************************

## မြန်မာလုပ်သား ၃ ထောင်ကျော် ကိုရီးယားသွားခွင့် မရေရာ

**မေကျော်   တနင်္လာနေ့၊ ဩဂုတ်လ 24 ရက် 2009 ခုနှစ် 19 နာရီ 54 မိနစ်**

ချင်းမိုင် (မဇ္ဈိမ)။   ။ မြန်မာအလုပ်သမား ၃၀၀၀ မှာ ကိုရီးယားဘာသာစကား တတ်မြောက်မှု စာမေးပွဲ အောင်မြင်ပြီး ဖြစ်သော်လည်း ကိုရီးယားနိုင်ငံတွင် အလုပ်အကိုင်ပေးနိုင်မှု ကျဆင်းသဖြင့် ကိုရီးယားသို့ သွားရောက် အလုပ်လုပ်နိုင်ခွင့် မရေရာဘဲဖြစ်နေသည်။

"ကမ္ဘာ့စီးပွားအကျပ်ကြောင့် ၂၀၀၉ ရဲ့ လုပ်သားခေါ်ယူမှုခွဲတမ်း နည်းသွားတယ်။ နှစ်က သူတို့ဘက်က (ကိုရီးယား) လုပ်ငန်းတွေ ပြန်လည်လည်ပတ်လာလို့ ကိုတာ (ခွဲတမ်း) တွေ တက်လာမယ်ဆိုရင် မျှော်လင့်ချက် မြန်မာလုပ်သားတွေ သွားရဖို့ များပါတယ်" ဟု ကိုရီးယား အလုပ်သမား ဝန်ကြီးဌာန၏ တရားဝင် ကိုယ်စားလှယ် Human Resources Development Service of Korea (HRD Korea) မြန်မာရုံးခွဲ တာဝန်ခံက ပြောသည်။

ယမန်နှစ်မှစ၍ ယခုအချိန်ထိ ကိုရီးယားသို့ အလုပ်သွားရောက် လုပ်ကိုင်ရန် လျှောက်လွှာတင်သူ မြန်မာလုပ်သား ၃၅၃၆ ယောက်မှ ၃၉၅ ယောက်သာ စေလွှတ်နိုင်သေးသည်။

ကိုရီးယား ဘာသာစကားစစ် စာမေးပွဲ ဖြေဆိုအောင်မြင်ထားသူ ၃၀၀၀ ကျော်အတွက် ကိုရီးယား အလုပ်အကိုင် ရရှိရေးအတွက် အာမခံချက်လည်း မပေးနိုင်သေးကြောင်း HRD ကိုရီးယား ရုံးခွဲက ဆိုသည်။

"ဘယ်အချိန်သွားရမလဲ ဘယ်လောက်သွားရမလဲ ဆိုတဲ့အသေးစိတ်တော့ မပြောတတ်ဘူး" HRD တာဝန်ခံက မဇ္ဈိမကို ဖြေကြားသည်။

သို့သော် ကိုရီးယား အရည်အချင်းစစ် စာမေးပွဲကိုမူ ဆက်လက် မဖြေဆိုစေဘဲ ရပ်ဆိုင်းထားပြီး ယခုနှစ်အတွက် ကျင်းပရန် အစီအစဉ် မရှိသေးကြောင်း သိရသည်။

ကိုရီးယားသို့ မြန်မာ အလုပ်သမား စေလွှတ်မှုကို ယခင်က အလုပ်သင် စနစ်ဖြင့် ပြည်ပ အလုပ်အကိုင် ရှာဖွေရေး ကုမ္ပဏီများက ဆောင်ရွက်နေရာမှ ယမန်နှစ်မှစ၍ အစိုးရချင်း တိုက်ရိုက် လုပ်သားစေလွှတ်ရေးစနစ်ကို ကျင့်သုံးခဲ့သည်။

မြန်မာဘက်မှ ရွှေအင်းဝ အလုပ်အကိုင် ရှာဖွေရေး အေဂျင်စီနှင့် ကိုရီးယားဘက်မှ HRD ကိုရီးယားတို့က ကိုယ်စားလှယ် အဖြစ်လုပ်ကိုင်နေခြင်း ဖြစ်သည်။

လက်ရှိ လုပ်သား ၃၀၀ ကျော်ကို တဦးလျှင် ဝန်ဆောင်ခ အမေရိကန် ဒေါ်လာ ၁၀၅၀ ဖြင့် တရားဝင် ပို့ဆောင်ပေးခဲ့ပြီး ဖြစ်သည်။

ယခင်က အလုပ်သင် စနစ်ဖြင့် ကိုးရီးယားသို့ သွားရောက် အလုပ်လုပ်ကိုင်ရန်အတွက် တဦးလျှင် ကုန်ကျစရိတ် မြန်မာငွေ သိန်း ၄၀ ကျပ်ခန့် ကန်ဒေါ်လာ ၄၀၀၀ ခန့် ကုန်ကျသည်။

ပြီးခဲ့သည့်နှစ်မှစ၍ ပြောင်းလဲလိုက်သည့် အစိုးရချင်း လုပ်သားစေလွှတ်မှု စနစ်သစ်တွင် ကိုရီးယား အရည်အချင်းစစ် စာမေးပွဲ ဖြေဆိုအောင်မြင်ထားရမည်ဖြစ်ပြီး၊ အခြားလိုအပ်သည့် အရည်အချင်းများကိုမူ တရားဝင် သတ်မှတ်မထားဘဲ ကိုရီးယားလုပ်ငန်းရှင်များက စိတ်ကြိုက်ရွေးချယ်ခြင်းသာ ဖြစ်သည်။

ကိုရီးယားက နိုင်ငံခြားသား အလုပ်သမားများကို ကုန်ထုတ်လုပ်ငန်းများတွင် အများဆုံး အသုံးပြုမှုများပြီး အလုပ်သမား တဦးလျှင် ပျမ်းမျှအားဖြင့် တလလျှင် ကိုရီးယား ဝမ် ၁၀ သိန်းခန့် ရရှိကာ မြန်မာငွေအားဖြင့် ကျပ် ၁၀ သိန်းခန့် ရရှိသည်။
http://www.mizzimaburmese.com/news/inside-burma/3648-2009-08-24-13-37-08.html

*************************************************************

**လေ့စီး၍ မလေးသို့ သွားသူ ဘင်္ဂလီ ၁၇၅ ဦး နေရပ်ရင်း ပြန်ပို့**

8/24/2009

မလေးရှားသို့ အလုပ်ရှာဖွေရန် လှေဖြင့် သွားရောက်စဉ် အိန္ဒိယ ရေတပ်၏ ဖမ်းဆီးခြင်းကို ခံရသော ဘင်္ဂလီ အမျိုးသား ၁၇၅ ဦးကို အန်ဒမန်ကျွန်းမှ တဆင့် ယနေ့ တနင်္လာနေ့တွင် ဘင်္ဂလာဒေ့ရှ် နိုင်ငံကို ပြန်ပို့မည် ဖြစ်ကြောင်း The Independent သတင်းစာက ရေးသား ဖော်ပြသည်။

ပြန်ပို့ခံရသူများမှာ ကော့ဘဇား ခရိုင်အတွင်းမှ ၁၄၅ ဦး၊ စစ်တကောင်း ခရိုင်မှ ၁၉ ဦး၊ ဘင်ဒရိုဘင် ခရိုင်မှ ၁၀ ဦးနှင့် နာဆီးဒီ ခရိုင်မှ တဦးတို့ ဖြစ်သည်။

သူတို့ကို စောစီးစွာ ဘင်္ဂလာဒေ့ရှ်သို့ ပြန်ပို့ရန် အိန္ဒိယ အစိုးရအား ဘင်္ဂလာဒေ့ရှ် အစိုးရမှ မေတ္တာရပ်ခံပြီးနောက် သူတို့အား အိန္ဒိယနိုင်ငံ ကာလကတ္တား နယ်စပ် ဘန်နာပို ဖြတ်ကျော်လမ်းမှ တဆင့် ဘင်္ဂလာဒေ့ရှ်သို့ လွှဲပြောင်းပေးအပ်မည် ဖြစ်သည်။

သူတို့အား အိန္ဒိယ ကြက်ခြေနီအဖွဲ့ တာဝန်ရှိသူများမှ ဘင်္ဂလာဒေ့ရှ် လခြမ်း ကြက်ခြေနီအဖွဲ့သို့ လွှဲပြောင်းပေးမည် ဖြစ်သည်။

ဘင်္ဂလာဒေ့ရှ် နိုင်ငံထုတ် သတင်းစာများက အဆိုပါ ပြန်ပို့ခံရသူ ၁၇၅ ဦးမှာ လွန်ခဲ့သော ဒီဇင်ဘာလက ကော့ဘဇားခရိုင်အတွင်းမှ မလေးရှားနိုင်ငံသို့ စက်လှေများဖြင့် သွားရောက်စဉ် အန်ဒမန်ကျွန်းတွင် ဖမ်းဆီးခံရသူများ ဖြစ်ကြောင်း ဖော်ပြသည်။

၎င်းအပြင် သတင်းစာက လွန်ခဲ့သောနှစ် ဒီဇင်ဘာလက ငါးဖမ်းစက်လှေ (၈) စီးနှင့် အတူ ဘင်္ဂလာဒေ့ရှ် နိုင်ငံသား ၅၀၀နှင့် မြန်မာနိုင်ငံသား ၃၀၀ တို့သည် မလေးရှားသို့ အလုပ် လုပ်ရန် ထွက်ခွာခဲ့ကြကြောင်း၊ လူတဦးကို တာကာငွေ ၅၀၀၀၀ မှ ၈၀၀၀၀ ထိ လူပွဲစားများကို ပေးရကြောင်း၊ ထိုင်းရေပိုင်နက်သို့ အရောက်တွင် ထိုင်းဘုရင့် ရေတပ်မတော်၏ ဖမ်းဆီးခြင်းကို ခံရပြီး စက်မပါသော လှေတစီးဖြင့် ပြန်လည် မောင်းထုတ်ခံရကြောင်း၊ လမ်းခရီးတွင် အစာရေစာ ပြတ်လပ်ပြီး အများအပြား သေဆုံးသွားခဲ့ကြောင်း၊ ယခု ပြန်လာခွင့်ရသူ ၁၇၅ ဦးမှာ သေကံမပျောက် သက်မပျောက်ဘဲ ကျန်ရစ်သူများ ဖြစ်ကြောင်း ဖော်ပြသည်။

အန်ဒမန်ကျွန်းတွင် မြန်မာနိုင်ငံသား မည်မျှကျန်ရှိပြီး သူတို့နှင့် ပတ်သက်ပြီး အခြေအနေ မည်သို့ရှိသည်ကို သတင်းစာများက တစုံတရာ ရေးသား ဖော်ပြထားခြင်း မရှိကြောင်း သိရသည်။

http://www.narinjara.com/detailsbur.asp?id=2039

***********************************************************